ဒုက္ခသည်အသိအမှတ်ပြုလျှောက်ထားရန်ရည်ရွယ်နေသောကျောင်းသားများသို့

၂၀၁၈ခုနှစ်၂လ

တရားရေးဝန်ကြီးဌာန၊လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန

တရားရေးဝန်ကြီးဌာနသည် ယခုထိတိုင်တရားဝင်နေထိုင်နေသောနိုင်ငံခြားသားမှဒုက္ခသည်အသိအမှတ်ပြုလျှောက်လွှာတင်သွင်းပါက လျှောက်လွှာတင်ပြီး၆လကျော်လျှင် အခြေခံအားဖြင့် အလုပ်လုပ်ခွင့် ခွင့်ပြုချက်ချမှတ်ပေးခဲ့သော်ငြားလည်း၊ ယခုနှစ်၁လပိုင်း၁၅ရက်နေ့မှစ၍ ဒုက္ခသည်အသိအမှတ်ပြုလျှောက်ထားသူများအားပေးအပ်သော နေထိုင်ခွင့် ခွင့်ပြုချက်အား ပြန်လည်သုံးသပ်ခဲ့ပါသည်။

ကျောင်းသားများနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်မှာ ကျောင်းထုတ်ခံရပြီးနောက်တွင်ငင်း ၊ ကျောင်းပြီးသည့်နောက်တွင်ငင်း ဒုက္ခသည်အသိအမှတ်ပြုလျှောက်လွှာတင်သွင်းပါက လျှောက်လွှာတင်၍၆လကျော်ပြီးသည့်နောက်တွင်လည်း အခြေခံအားဖြင့်အလုပ်လုပ်ခွင့် ခွင့်ပြုချက်ချပေးတော့မည် မဟုတ်ဟုသတ်မှတ်ခဲ့ပါသည်။

မှတ်ချက်(၁) ကျောင်းတက်နေဆဲဖြစ်သော်ငြားလည်းဒုက္ခသည်အသိအမှတ်ပြုလျှောက်လွှာတင်သွင်းခြင်းအားပြုလုပ်နိုင်ပါသည်။

မှတ်ချက်(၂) ဒုက္ခသည်စာချုပ်တွင်အကျုံးဝင်သောဒုက္ခသည်ဖြစ်နိုင်ခြေများသူ ၊သို့မဟုတ်မိခင်နိုင်ငံ၏အခြေအနေ အနေအထားများအရ လူသားခြင်းကာကွယ်စောင့်ရှောက်ရန်လိုအပ်နိုင်ခြေများသူများသာအလုပ်လုပ်ခွင့်ပြုမည်ဖြစ်သည်။

တဖန် ပညာသင်ယူနေဆဲဖြစ်သောကျောင်း သင်တန်းများမှ စည်းမျဉ်းဥပဒေ ချိုးဖေါက်သော အပြုအမူများပြုမူသည်ဟု ခံစားရပါက နီးစပ်ရာ ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ၌ဆွေးနွေးတိုင်ပင်ပါရန်အကြောင်းကြားအပ်ပါသည်။